# လျှင်နောက်ဆက်တွဲ ကယ်ဆယ်ရေးလုပ်ငန်းများ အမြန်ဆုံး ထိရောက်စွာ ဆောင်ရွက်နိုင်ရန် မိမိတို့နှင့် တိုက်ပွဲဖြစ်ပွားလျက်ရှိသောနေရာများတွင် ထိုးစစ်များကို ပြုလုပ်မည်မဟုတ်ဘဲ တစ်လတာ တစ်ဖက်သတ် အပစ်ရပ်ကြောင်း ညီနောင်မဟာမိတ် (၃) ဖွဲ့၏ ထုတ်ပြန်ကြေညာချက်

၂၀၂၅ ခုနှစ်၊ ဧပြီလ (၁) ရက်

လွန်ခဲ့သော ၂၀၂၅ ခုနှစ်၊ မတ်လ (၂၈/၂၉/၃၀) ရက်များအတွင်း လှုပ်ခတ်ခဲ့သည့် ရစ် (ခ်) တာစကေး (၇.၇) အဆင့် အင်အားအလွန်ပြင်းထန်သော ငလျင်ကြီးတစ်ခုနှင့် နောက်ဆက်တွဲ ငလျင်ငယ်များကြောင့် စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်း နှင့် နေပြည်တော် အပါအဝင် မြန်မာနိုင်ငံအတွင်းရှိ နေရာဒေသ အများအပြား၌ ပြည်သူလူထုများစွာတို့၏ အသက်အိုးအိမ် စည်းစိမ်၊ အိမ်မွေးတိရစ္ဆာန်၊ လူနေအိမ်၊ တိုက်တာ အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ကျေးလက်ဆေးပေးခန်းများ၊ ဘုရားကျောင်းကန် စေတီပုထိုးများ၊ ဗလီများ အပါအဝင် သာသနိကအဆောက်အအုံများ၊ တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် မြောက်မြားစွာ ပျက်စီးဆုံးရှုံးခဲ့ရပြီး ဖြစ်ပါသည်။

မိမိတို့ ညီနောင်မဟာမိတ် (၃) ဖွဲ့အနေဖြင့် ငလျင်နောက်ဆက်တွဲအခြေအနေများကို အလေးအနက်ထား စောင့်ကြည့်လေ့လာပြီးနောက် ငလျင်ဒဏ်သင့်မြို့များတွင် အရေးပေါ် ကူညီကယ်ဆယ်ရေး၊ ရှာဖွေရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိနေကြသော ပြည်တွင်း၊ ပြည်ပ ကူညီကယ်ဆယ်ရေး စေတနာ့ဝန်ထမ်းများ စိတ်လက် ကြည်သာစွာ လုပ်ကိုင်နိုင်ကြစေရန်နှင့် ငလျင်ဒဏ်သင့် ပြည်သူများအတွက် အရေးတကြီးနှင့် အရေးပေါ် ချက်ချင်း လိုအပ်လျက်ရှိသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများကို အမြန်ဆုံး ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် အထူးလိုလားပါသည်။

ထို့ကြောင့် ဤထုတ်ပြန်ချက်အား ထုတ်ပြန်လိုက်သည့်အချိန်မှစတင်ပြီး မိမိတို့ ညီနောင်မဟာမိတ်များ နှင့် စစ်ကောင်စီတို့ တိုက်ပွဲဖြစ်ပွားလျက်ရှိသော နေရာများတွင်  မိမိကိုယ်မိမိ ခုခံကာကွယ်သည့် တုံ့ပြန်မှုမျိုးမှလွဲ၍ မိမိတို့ဘက်မှ စတင်ထိုးစစ်ဆင်တိုက်ခိုက်မှု ပြုလုပ်မည်မဟုတ်ဘဲ ဧပြီလ (၁) ရက်နေ့မှ (၃၀) ရက်နေ့အထိ တစ်လတာ တစ်ဖက်သတ် အပစ်အခတ်ရပ်စဲကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

ညီနောင်မဟာမိတ် (၃) ဖွဲ့

MNTJP/MNDAA
မြန်မာနိုင်ငံအမှန်တရားနှင့်တရားမျှတသော
အမျိုးသားပါတီ/မြန်မာအမျိုးသားဒီမိုကရက်တစ်
မဟာမိတ်တပ်မတော်

PSLF/TNLA
ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး/
တအာင်းအမျိုးသားလွတ်မြောက်ရေး
တပ်မတော်

ULA/AA
ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်/
အာရက္ခတပ်တော်